ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
အောင်ပင်လယ်ကျေးရွာ
ငဖဲမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၄)




ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အောင်ပင်လယ်ကျေးရွာ၊ ငဖဲမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

# မာတိကာ


မာတိကာ

စကားချီး

အောင်ပင်လယ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ငဖဲမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မဆိုင်ရာ ကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်၍ နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အထောက်အကူပြု ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခန့်မှန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းသွားလာသူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀၂၀ခုနှစ် မှ ၂၀၂၃/၂၀၂၄ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်။

ကျေးရွာဖွံ့ဖြိုးရွာရေး
အောင်ပင်လယ်ကျေးရွာ
ငဖဲမြို့နယ်

## အောင်ပင်လယ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ငဖဲမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက ်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရအဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ အောင်ပင်လယ်ကျေးရွာသည် ငဖဲမြို့၏ အရှေ့တောင်ဘက်၊ (၅/၀)မိုင်ခန့်နှင့် ငဖဲ-စေတုတ္တရာလမ်းမကြီးနှင့် (၀/၅)မိုင်ခန့်ကွာဝေးပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ငဖဲမြို့နှင့် ဆက်သွယ်

သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ကျေးရွာသည်မြေနိမ့်ပိုင်းတွင် တည်ရှိပြီး ငဖဲမန်း၊ ပန်းထိမ်းမန်းတို့နှင့် ထိစပ်လျက်ရှိပါသည်။

## (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်တင့်ရှိပြီး မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သယံဇာတထွက်ရှိမှု မရှိသော်လည်း ကျေးရွာနှင့် (၀/၂)မိုင်ခန့်တွင် မန်းချောင်းတည်ရှိပြီး သဲနှင့်ကျောက်စရစ်များ ထွက်ရှိပါသည်။ နွားစာနှင့် ဆေးဖက်ဝင်အပင်များ အသင့်အတင့်ရှိပြီး အသုံးပြုရန် မလွယ်ကူပါ။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိပါ။

## ၃။ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အောင်ပင်လယ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၄)စုနှင့် ကျား၊မ လူဦးရေပေါင်း(၂၉၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ (၅)ဦးထက် လျော့နည်းပါးသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၁၇%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၃.၅%)ပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ သီးနှံရိတ်သိမ်းချိန်တွင်သာ ရရှိသောကြောင့် ဝင်ငွေနည်းပါသည်။ ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်သူများမှ ငွေကြေးထောက်ပံ့မှု အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၂၆.၁၉%)သည် အလွန်ဆင်းရဲသောအဆင့်၊ (၃၄.၅၂%)သည် ဆင်းရဲသောအဆင့်၊ (၁၄.၂၉%)သည် အလယ်အလတ်အဆင့်နှင့် (၂၅%)ချမ်းသာသော အဆင့် အသီးသီးရှိကြပါသည်။ ကျေးရွာတွင် တောင်သူများအပြင် ဝန်ထမ်းများ၊ စက်ရုံလုပ်သားများ၊ ဝပ်ရှော့လုပ်ကိုင်သူများ၊ လက်သမားပန်းရံလုပ်ငန်းလုပ်ကိုင်သူများနှင့် ကျပန်းလုပ်ကိုင်သူများ ရှိကြပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၂၆)စု၊ (၂.၅)ဧကအောက် အိမ်ထောင်စု(၁၄)စု၊ (၅)ဧကကြား အိမ်ထောင်စု(၂၆)စုနှင့် (၁၂.၅)ဧကအောက် အိမ်ထောင်စု(၁၇)စု၊ ၁၂.၅ဧကထက် အိမ်ထောင်စု(၁)စု ရှိပါသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု ၊ လက်လှမ်းမီမှုနှင့် ဆည်ရေသွင်းစိုက်ပျိုးမှုတို့ကြောင့် စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူများသော်လည်း သီးနှံဈေးနှုန်းမကောင်းခြင်း၊ စိုက်ပျိုးစရိတ်၊ လုပ်သားအင်အားရှားပါးခြင်းကြောင့် ပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်သူများ ရှိလာကြသည်။ အချို့သော ဆင်းရဲသည့် အိမ်ထောင်စုမှာ ကြိုတင်ချေးယူခြင်း၊ လုပ်အားခ ကြိုတင်ယူခြင်းဖြင့် စားနေရကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ကျား(၁)ဦး၊ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၄)စုနှင့် အခြားဒေသသို့ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၁)စု ရှိပါသည်။ ကျေးရွာချင်းဆက်ချောင်းကူးတံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး မိုးရာသီတွင် သွားလာ၍မရပါ။ သဘာဝဘေးအန္တရာယ်ဖြစ် လေဘေးကြုံရပြီး မီးဘေးအန္တရာယ် ဖြစ်ပွားမှုများ မရှိပါ။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာရှိ လူဦးရေအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊သွေးလွန်တုပ်ကွေး၊ အသည်းရောဂါ(ဘီ၊စီ)၊ ဆီချို၊ သွေးတိုးရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပြီး ကျေးရွာကျန်းမာရေးနှင့်သားဖွား ဆရာမမှ ကြပ်မတ်ကုသပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ရာသီအလိုက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ ပေးခြင်းနှင့် အာဟာရပညာပေး ဟောပြော ပွဲများပြုလုပ်ပေးပါသည်။ သောက်သုံးရေဖူလုံမှုရှိပြီး ယင်လုံအိမ်သာများ အိမ်တိုင်းစွေသုံးကြသော်လည်း အိမ်သာထွက်လာပါက ဆပ်ပြာနှင့်လက်ဆေး သော အလေ့အကျင့်မှာ နည်းပါသည်။ ကျေးရွာတွင် (၈၂.၁၀%) မှာ ဝမ်းစာဖူလုံ၍ (၁၇.၉၀%)မှာ အသင့်အတင့်ဖူလုံပါသည်။

## (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူကျား(၇)ဦး၊ မ(၇)ဦး၊ အတန်းပညာပြီးမြောက်မှုအနေဖြင့် မူလတန်းအဆင့်ရှိသူ (၁၉၁)ဦး၊ အလယ်တန်းအဆင့်ရှိသူ (၁၂)ဦး၊ အထက်တန်းအဆင့်ရှိသူ (၈)ဦးနှင့် တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ (၄)ဦးရှိပြီး ကျောင်းတက်နှုန်းအနေဖြင့် မူလတန်း(၃၈)ဦး၊ အလယ်တန်း(၁၁)ဦး၊ အထက်တန်း(၆)ဦးနှင့် တက္ကသိုလ်တက်ရောက်သူ(၃)ဦး ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျောင်းဆောင်များအခြေအနေနှင့် အိမ်သာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုလည်း ရှိပါသည်။ မသန်းစွမ်းသူများအတွက် အထူးပညာရေး အစီအစဉ် မရှိသေးပါ။ ကျေးရွာတွင် ပညာရေးအားပေးမှု အသင့်အတင့်သာရှိ၍ အများစုမှာ အခြေခံပညာအဆင့်သာရှိပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်ပတ်သက်၍ နည်းပညာပိုင်ဆိုင်ရာ ကျွမ်းကျင်မှုနည်းပါးပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

## (စ) ကျား-မရေးရာကိစ္စ

ကျေးရွာတွင် ကျား-မ တန်းတူအခွင့်အရေးရရှိပါသည်။ ကျေးရွာ၏ သာရေး၊နာရေး၊ လူမှုရေးရာကိစ္စရပ်များတွင် တာဝန်ယူမှုများလည်း မျှတစွာပါဝင်ကြပါသည်။ ကျေးရွာတွင် ကျားမ အကြား ဒုစရိုက်မှုနှင့် ခွဲခြားခြင်းကိစ္စများ မရှိပါ။ နေ့တွက်လုပ်အားခ ရရှိမှုတွင် အမျိုးသားများမှာ ပိုမိုရရှိပါသည်။ အုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများ မပါဝင်သော်လည်း အဖွဲ့အစည်းများတွင် တစ်စိတ်တစ်ဒေသ ပါဝင်ကြပါသည်။ လွန်ခဲ့သောနှစ်များအတွင်း ကျေးရွာအတွင်းရှိ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုနှင့် တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင် ရှိမှု အသင့်အတင့်ရှိပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်ရေးအဖွဲ့မှ ကျေးရွာ၏ လိုအပ်ချက်များအား တင်ပြတောင်းခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဂေါပကနှင့်ဝတ်အသင်းအဖွဲ့မှ ဘာသာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ လူငယ်အဖွဲ့မှ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ ကျောင်းကော်မတီမှ ပညာရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ မီးလင်းရေးကော်မတီမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်းများ ပြုလုပ်ပါသည်။

### (ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြပါသည်။လယ်စိုက်ပျိုးဧကပေါင်း (၁၁၃.၃)ဧကအား ရေသွင်းများမှ ရေရယူ၍ စိုက်ပျိုးကြပြီး ရေလုံလောက်မှု အသင့်အတင့်ရှိပါသည်။ စပါးအပြင် နှမ်းစိုက်ဧက(၁၁၉)ဧက စိုက်ပျိုးကြပြီး အထွက်နှုန်းများအနေဖြင့် စပါးတစ်ဧကလျှင် ပျမ်းမျှ(၆၀)တင်း၊ နှမ်းတစ်ဧကလျှင် (၆)တင်းထွက်ရှိသောကြောင့် အထွက်နှုန်းမှာ နည်းပါးနေကြောင်း တွေ့ရှိရ ပါသည်။

ကျေးရွာရှိ တောင်သူများတွင် စိုက်ပျိုးရေးသုံးကိရိယာများ အနည်းငယ်သာရှိပြီး အလုပ်သမား မလုံလောက်မှုပြဿနာများ ကြုံတွေ့ရပြီး လုပ်အားခပိုမိုပေး၍ အလုပ်သမားများကို ငှားရမ်းရသည့်အတွက် ကုန်ကျစရိတ် မြင့်မားရပါသည်။ အချို့တောင်သူများသည် တစ်နိုင်တစ်ပိုင်သာ စိုက်ပျိုးနိုင်ကြပါသည်။ စပါးများကို စိုက်ပျိုးပြီးသော်လည်း အဖျက်ပိုးများသည် လယ်တိုင်းလိုပင် ကျရောက်မှုကို တွေ့ရှိရပါသည်။ ထိုအဖျက်ပိုးများကို နှိမ်နင်းနိုင်ရန်အတွက် ထိရောက်သော ပိုးသတ်ဆေးများ လိုအပ်နေကြပါသည်။

ကျေးရွာတွင် နွား၊ ဝက် နှင့်ကြက် မွေးမြူကြသော်လည်း စီးပွားဖြစ် မွေးမြူသူများ မရှိဘဲ နည်းပညာအားနည်းမှု၊ နွားမျိုးကောင်းမျိုးသန့်များမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

အဓိကအားဖြင့် နွားများတွင် ခွာနာလျှာနာရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါများ အနည်းငယ်ဖြစ်ပြီး နည်းပညာနှင့်ကုသရေးဝန်ဆောင်မှုများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်း ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိသော်လည်း အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်သမားများ၊ ပန်းရံလက်သမားလုပ်ငန်း၊ ဝန်ထမ်းများ၊ စက်ရုံလုပ်သား များ၊ ဈေးသည်များ၊ ဝပ်ရှော့လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ အများစုမှာ ရာသီအလိုက် အမျိုးအစားကွဲ၍ တွက်ခြေကိုက်မှု အသင့်အတင့်သာ ရှိပါသည်။ လက်လုပ်လက်စားများသည် ရာသီအလိုက် စိုက်ပျိုးရိတ်သိမ်းချိန်၌သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် အခြားနယ်ထွက်၍ ဝင်ငွေရရှိအောင် ရှာဖွေကြရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူ အနည်းငယ်ရှိသော်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် လုပ်သားအင်အားများ အသင့်အတင့်ရှိပါသည်။ လျှပ်စစ်မီးရရှိသည်အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ ချေးငွေရရန်မလွယ်ကူပါ။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု**

ကျေးရွာတွင် ရာသီဥတုမမှန်ကန်ခြင်း၊ ပိုးသတ်ဆေး နှင့် ဓါတုမြေဩဇာသုံးစွဲမှုများ စနစ်မကျခြင်းများကြောင့် မြေဆီဩဇာခမ်းခြောက်မှုများရှိလာပါသည်။ စိုက်ခင်းများ၌ ဖျက်ပိုးနှင့် ရောဂါများ ကျရောက်ခြင်း ထိန်းချုပ်မှု အားနည်းပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ဘူးခွံ၊ ပုလင်းခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါမချေးငွေနှင့် မိတ်ဆွေ/ဆွေးမျိုးတို့ထံမှ ချေးငွေများ ချေးယူကြပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ရှိပါက ကာလတိုချေးငွေ အတိုးနှုန်း(၁ မှ ၂ %)ဖြင့်လည်းကောင်း၊ သမဝါမချေးငွေမှာ ကာလတိုချေးငွေ အတိုးနှုန်း(**၁ မှ ၂ %**)ဖြင့်လည်းကောင်း၊ မိတ်ဆွေ/ဆွေမျိုးတို့ထံတွင် အပေါင်ပစ္စည်းအနေဖြင့် ရွှေ၊ မြေများပေးရပြီး ကာလတိုချေးငွေ အတိုးနှုန်း (၁မှ ၂%)ဖြင့် လည်းကောင်း ချေးယူကြရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် နိုင်ငံတော်အစိုးရမှ သတ်မှတ်ချထားပေးသော အခြေခံပညာအလယ်တန်းကျောင်း (၁)ကျောင်းရှိပြီး ကျောင်းဝန်းဧရိယာ (၁.၅)ဧကကျယ်ဝန်းကာ ကျောင်းဆရာ/မ၊ စာသင်ဆောင်နှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို နိုင်ငံတော်မှ အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။ အထက်တန်းပညာရေးအတွက် ကျောင်းသား/သူများသည် ကျေးရွာနှင့် (၅/၀)မိုင်ခန့်ကွာဝေးသော အ.ထ.က(ငဖဲ)ကျောင်းသို့ တက်ရောက်ပညာသင်ကြားကြပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသည့်အတွက် အဖျားရောဂါများ၊ ထိခိုက်လူနာများနှင့် မွေးလူနာများအား မြို့နယ်ဆေးခန်း၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံသို့ သွားရောက်ကုသရပြီး ကျေးလက်ကျန်းမာရေးဌာနမှ (၁)လတစ်ကြိမ် ကလေးများအား ရာသီအလိုက် အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုး ပေးခြင်းနှင့် အာဟာရမှတ်တမ်းရယူမှုများ ပြုလုပ်ပေးပါသည်။ ယင်လုံအိမ်သာသုံးစွဲခြင်းကြောင့် ကူးစက်ရောဂါများ ကင်းဝေးပါသည်။

သောက်သုံးရေရရှိနိုင်မှုအနေဖြင့် ကျေးရွာအတွင်း ရေတွင်း(၄)တွင်း၊ အဝီစိတွင်း တုံကင်နှိပ်(၁၈)တွင်း၊ မူလတန်းကျောင်းတွင် အဝီစိတုံကင်(၁)တွင်းရှိပြီး သုံးစွဲသောအိမ်ထောင်စု (၈၄)စုရှိ၍ သောက်သုံးရေ လုံလောက်မှုရှိပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များသည် ကျေးရွာရှိလူမှုရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာအတွင်း လူကြီးလူငယ်

ဗဟုသုတရရှိစေနိုင်ရန် စာကြည့်တိုက်မရှိပါ။ လူငယ်များအားကစားပြုလုပ်ရန် မြေနေရာရှိသော်လည်း ငွေကြေးနှင့်နည်းပညာ အခက်အခဲများကြောင့် ဘောလုံးကွင်းမရှိသေးပါ။

**(ဓ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာအတွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ရောမြေလမ်းများဖြစ်ပြီး ရာသီမရွေးလွယ်ကူစွာ သွားနိုင်ပါသည်။

ကျေးရွာချင်းဆက်သွယ်သောလမ်းပေါ်တွင် မန်းချောင်းတည်ရှိပြီး ကွန်ကရစ်တံတား (၁)စင်းတည်ရှိသော်လည်း ရာသီမရွေး သွားလာ၍မရပါ။

ကျေးရွာတွင် မဟာဓါတ်အားလိုင် မရရှိသေးပါ။ ဒီဇယ်မီးစက်ဖြင့် အိမ်ထောင်စု(၆၈)စု၊ ဆိုလာဖြင့် အိမ်ထောင်စု(၁၈)စု၊ အခြားဖြင့် အိမ်ထောင်စု(၂)စုသုံးစွဲလျက်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ငွေကြေးအခက်အခဲကြောင့် သုံးစွဲနိုင်မှုမရှိပါ။

သတင်းနှင့်ဆက်သွယ်ရေးအတွက် ကျေးရွာအတွင်း ဖုန်း၊ရေဒီယို၊တီဗွီ၊စလောင်းများအား အသုံးပြုလျှက်ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုနှင့် အမျိုးသမီးအကြမ်းဖက်မှုများ မရှိပါ။လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ချရေး များလည်း ဆောင်ရွက်လျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ အဆင်ပြေချောမွေ့ပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကိုအခြေခံသောကျေးရွာဖြစ်ပြီး စိုက်ပျိုးရေကို မန်းချောင်းမှရေအား လက်ထိုးဆည်များတည်ဆောက်ရယူ၍ လည်းကောင်း၊ ရေသွင်းမြောင်းများဖြင့် သွယ်ယူ၍လည်းကောင်း သုံးစွဲလျှက်ရှိပါသည်။သီးနှံအထွက်နှုန်း ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှလည်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျှက်ရှိပါသည်။

ကျေးရွာတွင် နည်းပညာအားနည်းခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းများကြောင့် မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် လက်သမား၊ ပန်းရံ၊ ဝပ်ရှော့၊ကားမောင်း၊ ကျပန်း၊ ဝန်ထမ်း နှင့် အရောင်းအဝယ်လုပ်ကိုင်သူများလည်းရှိပါသည်။

လူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူလက်လှမ်းမီကြပါသည်။ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသမှုများအတွက် ပဒါန်းတိုက်နယ်ဆေးရုံ၊ ငဖဲမြို့နယ်

ဆေးရုံ၊ မင်းဘူးခရိုင်ဆေးရုံနှင့် မကွေးတိုင်းဆေးရုံများသို့ သွားရောက်ပြီး ကုသမှုများခံယူနေကြပါသည်။

**(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာတွင် ရာသီဥတုမမှန်ကန်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာများအား စနစ်တကျမသုံးကြခြင်းများကြောင့် မြေဆီလွှာခမ်းခြောက်မှုများ ရှိလာပါသည်။ ကျေးရွာအတွင်း သယံဇာတထွက်ရှိမှု မရှိသော်လည်း ကျေးရွာနှင့် (၁/၂)မိုင်ခန့်ရှိ မန်းချောင်းမှ သဲနှင့်ကျောက်စရစ်များ ထွက်ရှိပါသည်။ လယ်ယာမြေထပ်မံတိုးချဲ့ရန် မြေရှားပါးသည့်အတွက် လယ်သမားများ အနေဖြင့် အထွက်နှုန်းတိုးမြင့်အောင်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တောင်သူများ စိုက်ပျိုးသည့် သီးနှံများတွင် ဖျက်ပိုးများကျရောက် တတ်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိသော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသောအစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေးအတွက် အထောက်အပံ့များ ရရှိရန်လိုအပ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်ကျသောနည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရွာသူ/သားများ၏ ဝင်ငွေများတိုးပွား၍ စီးပွားရေးအခြေအနေများ တိုးတက်စေရမည်။

(က-၂) ကျွန်ုပ်တို့ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ပညာရေး၊ ကျန်းမာရေး တိုးတက်လာပြီး လူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က-၃) ကျွန်ုပ်တို့ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်လာခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာရှိဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးမှ ဝင်ငွေအမြတ်အစွန်းများ ရရှိအောင်မြင်လာစေရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ဆောင်ရွက်မည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာစေရန် စိုက်ပျိုးရေးနည်းပညာများရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အချိန်ကုန်ငွေကုန်သက်သာစွာရရှိရေး၊ စိုက်ပျိုးရေများ အချိန်မီ လုံလောက်စွာ ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်းများမှ တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရောဂါကင်းရှင်းစေရေးအတွက် တိ/မွေးကုဌာနတို့နှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ-၃) စိုက်ပျိုးရေး၊ မွေးမြူရေးများကို သင့်တင့်သည့် အမြတ်အစွန်းရရှိစေရေးအတွက် စနစ်တကျမွေးမြူခြင်း၊ စိုက်ပျိုးခြင်းများပြုလုပ်နိုင်ရန် နည်းပညာပေးသင်တန်းများ တက်ရောက်နိုင်စေရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၄) ကျောင်းမိဘဆရာအသင်းအဖွဲ့မှ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ် ကျောင်းနေနိုင်ရေး အထောက်အပံ့များ ဆောင်ရွက်သွားမည်။

(ခ-၅) ကျွန်တော်/မတို့ ကျေးရွာတွင် ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်လာစေရန် သက်ဆိုင်ရာဦးစီးဌာနများ၊ NGO အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၆) ကျွန်တော်/မတို့ ကျေးရွာတွင်အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိရန်နှင့် တစ်ပိုင် တစ်နိုင်စီးပွားရေးလုပ်ငန်းများစတင်နိုင်ရန် အကူအညီပေးနိုင်မည့် ဌာန/အဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

**၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်ဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည့်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် စိုက်ပျိုးရေးနည်းပညာများရရှိစေရေး**

ကျေးရွာတွင် စပါးအပြင် မြေပဲနှင့်နှမ်းတို့ကို သီးညှပ်အဖြစ် စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကအခက်အခဲဖြစ်ပြီး သီးနှံဖျက်ပိုးများ ကိုထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နင်းရေး အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိနိုင်သော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများပြီး သီးနှံဖျက်ပိုးများ သည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့ နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ထိရောက်သောပိုးမွှားနှိမ်နင်းရေး နည်းပညာရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးဆောင်ပြုသင့်ပါသည်။

## (ဂ) ကျေးရွာအဆင့်ဆိုင်ရာ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိပါ။ တောင်သူများအတွက် လိုအပ်သော ချေးငွေများရရှိမှသာ အသင့်အတင့် အဆင်ပြေပါမည်။

## (ဃ) ကျေးလက်အဆင့် အသေးစားလုပ်ငန်းများဆိုင်ရာ အကူအညီများရရှိရေး

ကျေးရွာအတွင်း အသေးစားလုပ်ငန်းများလုပ်ကိုင်နိုင်သော အခွင့်အရေးရရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန်မလွယ်ကူပါ။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် လုပ်ငန်းသစ်များလည်း အဆင်သင့်မတွေ့ရသေးပါ။ သက်ဆိုင်ရာအစိုးရဌာနများမှ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ ဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးသင့်ပါသည်။ မြို့နယ်မှလည်း ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ် (၃)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်(၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်းရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု

သတ်မှတ်ခြင်း (Functional Classificational)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classificational)- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်လုပ်ငန်းများ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လျှပ်စစ်မီးရရှိရေး | ၁။ ကျေးရွာတွင်းလျှပ်စစ်မီး လင်းရေး | ၉၉ | ၁ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့်မြို့နယ်လျှပ်စစ် ဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| ကျန်းမာရေး | ၁။ ကျန်းမာရေးကိစ္စအတွက် ယာဉ်ဝယ်ယူရေး | ၇၈ | ၂ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လွှတ်တော် ကိုယ်စားလှယ်၊ ပြည်တွင်း/ပ အလှူရှင်များထံမှ ရန်ပုံငွေ တင်ပြတောင်းခံ သွားမည်။ | |
| စိုက်ပျိုးရေး | ၁။ လယ်ရေကာတာတည် ဆောက်ခြင်း | ၆၆ | ၃ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လွှတ်တော် ကိုယ်စားလှယ်၊ဆည်းမြောင်းဦးစီးဌာနသို့ တင်ပြ တောင်းခံသွားမည်။ | |
| လမ်းပန်းဆက်သွယ်ရေး | ၁။ရွာအဝင်လမ်းကတ္တရာခင်း ခြင်း | ၆၄ | ၄ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လွှတ်တော် ကိုယ်စားလှယ်၊လမ်းဦးစီးဌာနသို့ တင်ပြ တောင်းခံသွားမည်။ | |
| ကျေးရွာအဆောက်အအုံ | ၅။ စာကြည့်တိုက်တည် ဆောက်ခြင်း | ၆၂ | ၅ | *ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ/ဖများနှင့် လူငယ် များပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ပညာရေး | ၁။ ကျောင်းပို့ကျောင်းကြို ကားဝယ်ယူရေး | ၆၀ | ၆ | * ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လွှတ်တော် ကိုယ်စားလှယ်၊ ပြည်တွင်း/ပ အလှူရှင်များထံမှ ရန်ပုံငွေ စုဆောင်း၍ ဆောင်ရွက်သွားမည်။ | |
| စိုက်/မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | ၁။ အလုပ်အကိုင်အခွင့် အလမ်းရရှိရေး | ၅၆ | ၇ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် ကုမ္ပဏီများ၊ အစိုးရဌာနများ၊ပြည်ပအဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်သွားမည်။ | |
| ပညာရေး | ၁။ စာသင်ကျောင်းခြံစည်းရိုး အဆင့်မြှင့်တင်ခြင်း | ၅၂ | ၈ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် ပညာရေးဦးစီး ဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| ကျန်းမာရေး | ၁။ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ရေး | ၅၁ | ၉ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံ သွားမည်။ | |
| **ကျေးရွာအဆောက်အအုံ** | ၁။ဘုရားကုန်းဓမ္မာရုံအဆင့် မြှင့်တင်ရေး | ၄၇ | ၁၀ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်၊ သက်ဆိုင်ရာဌာန၊ ပြည်တွင်း/ ပြည်ပအလှူရှင်များထံသို့ တင်ပြတောင်းခံသွား မည်။ | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | ၁။ လယ်ယာသုံးစက်ကိရိယာရရှိရေး<br>၂။ ကုန်ထုတ်လမ်းဖောက်ခြင်း | ၄၄<br>၄၀ | ၁၁<br>၁၂ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် စက်မှုလယ်ယာဦးစီးဌာန၊ ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။<br>*ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ | |
| **ကျေးရွာအဆောက်အအုံ** | ၁။ရွာဘုံပိုင်ပစ္စည်းများ ထားရှိရန်အဆောက်အဦးဆောက်လုပ်ခြင်း | ၃၉ | ၁၃ | *ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဌာန၊ ပြည်တွင်း/ပြည်ပအလှူရှင်များထံသို့ တင်ပြတောင်းခံသွားမည်။ | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး | ၁ | √ | | | | |
| ၂ | ကျန်းမာရေးကိစ္စအတွက် ယာဉ်ဝယ်ယူရေး | ၂ | √ | √ | | | |
| ၃ | လယ်ရေကာတာတည်ဆောက်ခြင်း | ၃ | | √ | √ | | |
| ၄ | ရွာအဝင်လမ်းကတ္တရာခင်း ခြင်း | ၄ | | | √ | √ | √ |
| ၅ | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင် | ၅ | | | | √ | √ |
| ၆ | ကျောင်းပို့ကျောင်းကားဝယ်ယူရေး | ၆ | | √ | √ | √ | |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး | ၇ | | √ | √ | √ | √ |
| ၈ | ကျောင်းခြံစည်းရိုးအဆင့်မြှင့်တင်ခြင်း | ၈ | | √ | √ | | |
| ၉ | ကျန်းမာရေးဆေးပေးခန်း | ၉ | | | √ | √ | |
| ၁၀ | ဘုရားကုန်းဓမ္မာရုံအဆင့်မြှင့်တင်ရေး | ၁၀ | | √ | √ | | |
| ၁၁ | လယ်ယာသုံးစက်ကိရိယာရရှိရေး | ၁၁ | | √ | √ | | |
| ၁၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၁၂ | | √ | √ | √ | |
| ၁၃ | ရွာဘုံပိုင်ပစ္စည်းများ ထားရှိရန် အဆောက်အဦး ဆောက်လုပ်ခြင်း | ၁၃ | | | √ | √ | √ |

### ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း

ဖော်ပြထားခြင်း မရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး | | | - | | |
| ၂ | ကျန်းမာရေးကိစ္စအတွက်ယာဉ်ဝယ်ယူရေး | | | - | | |
| ၃ | လယ်ရေကာတာတည်ဆောက်ခြင်း | | | - | | |
| ၄ | ရွာအဝင်လမ်းကတ္တရာခင်း ခြင်း | | | - | | |
| ၅ | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း | | | - | | |
| ၆ | ကျောင်းပို့ကျောင်းကားဝယ်ယူရေး | | | - | | |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး | | | - | | |
| ၈ | ကျောင်းခြံစည်းရိုးအဆင့်မြှင့်တင်ခြင်း | | | - | | |
| ၉ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | | | - | | |
| ၁၀ | ဘုရားကုန်းဓမ္မာရုံအဆင့်မြှင့်တင်ရေး | | | - | | |

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှုဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| ၁၁ | လယ်ယာသုံးစက်ကိရိယာရရှိရေး | | | - | | |
| ၁၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | | | - | | |
| ၁၃ | ရွာဘုံပိုင်ပစ္စည်းများထားရှိရန် အဆောက်အဦး ဆောက်လုပ်ခြင်း | | | - | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို

လည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်–

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲ မှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ၊ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွ စွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာ မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

